မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

# လူထု ဗဟိုပြု စီမံကိန်း

## ဘဏ္ဍာရေး ဆပ်ကော်မတီ ဖွဲ့စည်းခြင်း

ကျေးရွာအုပ်စုအဆင့်တွင် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်တွေထဲက ပြန်လည်ရွေးချယ် ခန့်အပ်ထားတာ ဖြစ်ပါတယ်။ ကော်မတီ ဥက္ကဋ္ဌ၊ စာရင်းကိုင်နဲ့ အဖွဲ့ဝင်ဆိုပြီး လူ ၃ ဦး ပါဝင်ပါတယ်။ အမျိုးသမီးတစ်ဦး အနည်းဆုံး ပါဝင်ရမယ်။




## ဘဏ္ဍာရေး သင်တန်းများ

ဘဏ္ဍာရေးဆပ်ကော်မတီ ဖွဲ့စည်းပြီးပြီဆိုရင် ကျေးရွာလူထုအတွက် သင်တန်းတွေ ပို့ချပေးပါမယ်။ ဘဏ်စာရင်း ဘယ်လိုဖွင့်ရမလဲ၊ ပုံစံတွေ ဘယ်လိုဖြည့်မလဲ၊ ထောက်ပံ့ငွေ လွှဲပြောင်း လက်ခံဖို့ ဘယ်အချက်တွေ လိုမလဲ၊ ငွေပေးငွေယူ လုပ်ငန်းတွေကို ဘယ်လို လုပ်ရမှာလဲ၊ အစီရင်ခံစာတွေ ဘယ်လိုရေးမလဲဆိုတာတွေကို လူထုကိုယ်တိုင် လုပ်နိုင်ဖို့ သင်ကြားပေးမှာပါ။




## အစစ်ဆေးခံနိုင်ရမယ်

ဆောင်ရွက်ပြီးစီးတဲ့ စီမံကိန်းလုပ်ငန်းတွေနဲ့ ပတ်သက်လို့ အစစ်ဆေးခံနိုင်ဖို့ လိုပါတယ်။ စစ်ဆေးရာမှာ လူထုက ပြန်လည်စစ်ဆေးမယ့် လူမှုဆန်းစစ်ခြင်း၊ သီးခြားငှားရမ်းထားတဲ့ ပညာရှင်အဖွဲ့က စစ်ဆေးမယ့် နည်းပညာ စစ်ဆေးခြင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအဖွဲ့က စစ်ဆေးမယ့် ငွေစာရင်း စစ်ဆေးခြင်းနဲ့ ကမ္ဘာ့ဘဏ်က စစ်ဆေးမယ့် အထူး စစ်ဆေးခြင်းတွေ ပါဝင်ပါတယ်။ ရပ်ရွာလူထုကိုယ်တိုင် ဦးစီးဆောင်ရွက်တာ ဖြစ်တဲ့အတွက် စစ်ဆေးတဲ့အခါ ကိုယ်တိုင် စစ်ဆေးခံနိုင်ဖို့ လိုပါတယ်။




# ဘဏ္ဍာရေး စီမံခန့်ခွဲမှု





## ဘဏ်စာရင်းဖွင့်မယ်

ဘဏ်စာရင်းဖွင့်ရာမှာ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနဲ့ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်တစ်ဦး ပါဝင်ရမယ်။ ချက်လက်မှတ်နဲ့ ငွေထုတ်ယူဖို့ အတွက် ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနဲ့ အခြားလက်မှတ်ရေးထိုးခွင့်ရှိသူ ၂-ဦး ထဲက ၁-ဦး လက်မှတ်ရေးထိုးရမှာ ဖြစ်တယ်။



## ထောက်ပံ့ငွေ လွှဲပြောင်းပေးပြီ

ကျေးရွာအုပ်စု ဘဏ်စာရင်းဖွင့်ပြီးပြီ၊ လိုအပ်တဲ့သင်တန်းတွေ တက်ပြီးပြီ၊ ကျေးရွာ စီမံကိန်း အစီအစဉ်ကို အတည်ပြုပြီးပြီ၊ ထောက်ပံ့ငွေ သဘောတူညီချက် လက်မှတ်ထိုးပြီးပြီဆိုရင် ကျေးရွာအုပ်စု ဘဏ်စာရင်းထဲကို ထောက်ပံ့ငွေ လွှဲပြောင်း ပေးလိုက်မှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဆပ်ကော်မတီက ကျေးရွာစီမံကိန်းလုပ်ငန်းခွဲနဲ့ ပတ်သက်တဲ့ ငွေပေးချေမှုအားလုံးကို ဆောင်ရွက်ရမယ်။



## ပွင့်လင်းမြင်သာမှု ရှိရမယ်

ဘဏ္ဍာရေးဆပ်ကော်မတီအနေနဲ့ (က) လစဉ် ဘဏ္ဍာရေး အစီရင်ခံစာမိတ္တူ (ခ) စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ် ဘဏ္ဍာရေး အစီရင်ခံစာမိတ္တူနဲ့ (ဂ)စီမံကိန်းစက်ဝန်း အပြီးသတ် ဘဏ္ဍာရေးအစီရင်ခံစာ မိတ္တူတစ်စောင်ကို ကျေးရွာနဲ့ ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းမှာ ကပ်ထားရမှာ ဖြစ်သလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ရုံးသို့လည်း ပေးပို့ရမှာ ဖြစ်ပါတယ်။ ထိုအစီရင်ခံစာ သုံးခုထဲမှ အစီရင်ခံစာ (ခ) နဲ့ (ဂ) ကို ပြည်ထောင်စုအဆင့်ရုံးနဲ့ စီမံကိန်း ဝက်ဘ်ဆိုက်တွေမှာ ဖော်ပြထားမှာ ဖြစ်ပါတယ်။

## “ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု”



IDA Grant No: H814-MM